# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 28, 2019 Volume 25, Number 17

| ၂၈.၁၁.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၅၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၇၄၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၂/- ကျပ် |
| CBM Rate | = ၁၅၁၁.၆ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၅.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၆.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၅.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၁.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၂.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄ .၉၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၂၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၂.၁၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၉၉၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဒေါ်လာဈေး ထပ်မံကျဆင်း

ဗဟိုဘဏ်က ကန်ဒေါ်လာများဝယ်နေသော်လည်း ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုး ဆက်လက်ကျဆင်းပြီး နိုဝင်ဘာ ၂၇ ရက်၌ တစ်ဒေါ်လာလျှင် ကျပ် ၁၅၁၀ ခန့်မှ ၁၅၁၃ ကျပ်အတွင်း ဈေးပေါက်သည်။ နိုဝင်ဘာအတွင်း အမြင့်ဆုံးတစ်ဒေါ်လာလျှင် ကျပ် ၁၅၂၀ ကျော်သို့တက်ပြီး နောက် ၁၅၁၅ ကျပ်ခန့်တွင် ဈေးတည်ငြိမ်နေရာမှ ထပ်မံကျဆင်းခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးက ၂၀၁၉-၂၀ ဘဏ္ဍာနှစ် တစ်လခွဲအတွင်း ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံကျော်တင်ပို့နိုင်ပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် သန်း ၅၆၀ ကျော် ပိုများကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများတွင် ဖော်ပြထားသည်။

ပြည်ပထွက် အလုပ်လုပ်သူများမှ ငွေလွှဲပေးပို့မှုများရှိနေခြင်း၊ လကုန်ရက်နီးလာသဖြင့် ပြည်တွင်းအလုပ်သမား လစာပေးရန် နိုင်ငံခြားကုမ္ပဏီအချို့က ပြည်တွင်းဈေးကွက်တွင် ဒေါ်လာရောင်းချမှုများ ရှိနေခြင်းကြောင့် ပြည်တွင်းဒေါ်လာတန်ဖိုး အနည်းငယ်အားပျော့လာခြင်းဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင် အချို့ကပြောသည်။ ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုး ကျဆင်းနေခြင်းကြောင့် နိုဝင်ဘာအတွင်း ပုဂ္ဂလိကဘဏ်များမှ လေလံဈေးကွက်ဖြင့် ဒေါ်လာ ၂၂ သန်းကို ဗဟိုဘဏ်က ဝယ်ယူသည်။

**Source:** https://www.7daydaily.com/–172201

## ငါးလင်ပန်းကို ပြည်ပပို့ကုန်ဈေးကွက်အဖြစ် ဆောင်ရွက်မည်

ငါးလင်ပန်းကို ပြည်ပသို့တင်ပို့သည့် ရေထွက်ကုန်များထဲမှ ပို့ကုန်ဈေးကွက်တစ်ခုအနေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်ကပြောသည်။ ငါးလင်ပန်းဈေးကွက်သည် ပြည်ပနိုင်ငံများ၌တွင်ကျယ်လာနေပြီး အထူးသဖြင့် ကိုရီးယား၊ ဂျပန်၊ တရုတ်နှင့်တိုင်ပေတို့တွင် စားသုံးမှုနှုန်း မြင့်တက်နေသည်ဟု ၎င်းကဆိုသည်။ "ငါးလင်ပန်းမှာ အသားတော်တော်များများရှိတယ်။ အဲဒီအတွက် နိုင်ငံတော်တော်များများစားနေတယ်။ အဲဒါကို ပြည်ပသို့ ကုန်တစ်ခုအနေနဲ့ ဒီနှစ်က စမွေးဖို့ စီစဉ်မယ်"ဟု ၎င်းက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ကော့သောင်းကမ်းခြေအထိ မြန်မာနိုင်ငံပိုင် ကမ်းခြေတစ်လျှောက်တွင် ငါးလင်ပန်းသားပေါက် ဝင်ရောက်နေသည်မှာ အားသာချက်ဖြစ်နေပြီး ဖမ်းဆီးရန်နှင့်မွေးမြူရန် သုတေသနစစ်တမ်းပြုလုပ်ထားကြောင်း ဒေါ်တိုးနန္ဒာတင်ကဆိုသည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ သုတေသနစစ်တမ်းအရ ငါးလင်ပန်းသည် ပင်လယ်တွင်သားပေါက်ပြီး လှိုင်းရေစီးဖြင့်ကမ်းခြေသို့ဝင်ကာ ယင်းမှတစ်ဆင့် ရေချိုထဲသို့ ဝင်ရောက်ခြင်းဖြစ်သည်။ ငါးလင်ပန်းသားပေါက်သည် ၁၅ ဂရမ်ရှိပြီး ခြောက်လခန့် မွေးမြူပါက ၂၅၀ ဂရမ်ဖြစ်လာကာ ပြည်ပသို့ တင်ပို့နိုင်သည့် ရေထွက်ကုန်ဖြစ်လာမည်ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သုတေသနစစ်တမ်းကဆိုသည်။ ၂၅၀ ဂရမ်ရှိ ငါးလင်ပန်းကို ဂျပန်နိုင်ငံက ဝယ်ယူကြောင်း၊ ၂၅၀ နှင့် ၅၀၀ ဂရမ်အကြားရှိ ငါးလင်ပန်းများကို တရုတ်နှင့်တိုင်ပေက တင်သွင်းနေကြောင်း ဒေါ်တိုးနန္ဒာတင်ကဆိုသည်။ "ကမ်းခြေတစ်လျှောက်မှာရှိတဲ့ ရေလုပ်သားတွေအနေနဲ့လည်း ငါးလင်ပန်းသားပေါက်တွေကို အလွယ်တကူဖမ်းနိုင်တဲ့ နည်းရှိတယ်။ ငါးလုပ်ငန်းဦးစီးကနေတစ်ဆင့် ဖမ်းနည်းတွေကို ဖြန့်ဝေမယ်"ဟု ၎င်းကပြောသည်။

တစ်ပိဿာ ကျပ် ၆၀၀၀ ရှိ ငါးရှဥ့်ဈေးကွက်ထက် တစ်ပိဿာကျပ် ၁၁၀၀၀ ရနိုင်မည့် ငါးလင်ပန်းဈေးကွက်ကြောင့် ရေလုပ်သားများအနေဖြင့် အကျိုးအမြတ် ပိုမိုရရှိမည်ဟု ဒေါ်တိုးနန္ဒာတင်ကဆိုသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်က ပြည်ပသို့ ငါး၊ ပုစွန်နှင့် ရေထွက်ကုန်ပစ္စည်း ကန်ဒေါ်လာ သန်း ၇၀၀ ကျော်ဖိုး တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**Source:** https://www.7daydaily.com/172180

## ပြည်တွင်း ရွှေဈေးတစ်လအတွင်း ကျပ်ငါးသောင်းခန့်ကျ

ကမ္ဘာ့ရွှေဈေးကွက်တွင် တရုတ်ဘက်က ရွှေဝယ်ယူမှု လျော့နည်းသဖြင့် ကမ္ဘာ့ရွှေ ဈေးကျဆင်းလာပြီး ပြည်တွင်းဈေးကွက်၌ တစ်လအတွင်း ကျပ်ငါးသောင်းခန့်ကျဆင်းခဲ့သည်။ အခေါက်ရွှေတစ်ကျပ်သားလျှင် နိုဝင်ဘာ ၁ ရက်က ကျပ် ၁၂၁၇၀၀၀ ရှိရာမှ နိုဝင်ဘာ ၂၇ ရက်တွင် ကျပ် ၁၁၇၅၀၀၀သို့ တောက်လျှောက်ကျဆင်းခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးစစ်ပွဲတွင် အမေရိကန်နှင့် တရုတ်ပြေလည်မှုရရှိခြင်းနှင့် ပြည်တွင်းဒေါ်လာဈေး တည်ငြိမ်နေခြင်းက ရွှေဈေးဆက်လက်ကျဆင်းစေမည်ဟု ရွှေလုပ်ငန်းရှင်များကဆိုသည်။

ကမ္ဘာ့ရွှေဈေးတက်ခြင်းနှင့် ပြည်တွင်းဘဏ်ဂယက်ကြောင့် တစ်ကျပ်သားလျှင် ကျပ် ၁၃ သိန်းအထိ မြင့်တက်ခဲ့သည့် ပြည်တွင်း ရွှေဈေးသည် နိုဝင်ဘာ ၈ ရက် တွင် ကျပ် ၁၂ သိန်း ပြန်လည်ကျဆင်းခြင်းဖြစ်သည်။ ကမ္ဘာ့ရွှေဈေးကျဆင်းခြင်း၊ ပြည်တွင်းငွေလဲဈေးနှုန်းတွင် ဒေါ်လာဈေးကျဆင်းလာခြင်းကြောင့် ရွှေဈေးပြန်ကျခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးသည် ပြည်တွင်းဘဏ်များ ဂယက်ကြောင့် ရွှေအလုအယက်ဝယ်ယူသူများလာပြီး စက်တင်ဘာ ၅ ရက်တွင် တစ်ကျပ်သားလျှင် ၁၃၀၇၀၀၀ အထိမြင့်တက်ခဲ့သည်။ "အခုတော့ အရောင်း၊ အဝယ်ကောင်းနေပါတယ်။ ဈေးကတော့အကျဘက်ကို ဆက်ရှိနေမှာပါ"ဟု ရွှေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီဒါရိုက်တာဦးအုန်းမြိုင်ကပြောသည်။ ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာ ၁ ရက်တွင် တစ်အောင်စလျှင် ၁၄၉၇ ဒေါ်လာရှိပြီး နိုဝင်ဘာ ၂၇ ရက်တွင် ၁၄၅၉ ဒေါ်လာဈေးရှိသည်။

**Source:** https://7daydaily.com/172164

## မိုးခေါင်၍ ပဲတီစိမ်းအထွက်နည်းသော်လည်း ဈေးကောင်းရ



မကွေးမြို့နယ်အတွင်း၌ မိုးနှောင်းပိုင်းတစ်လခန့် မိုးခေါင်ခဲ့သဖြင့် စိုက်ပျိုးထားသည့် ပဲတီစိမ်းမှာ အထွက်နည်းခဲ့သော်လည်း ဈေးကောင်းရ၍ အဆင်ပြေကြောင်း ဒေသခံတောင်သူများထံမှသိရသည်။ မကွေးမြို့နယ်ရှိ တပ်ကုန်း၊ အင်းနက်၊ ဒဟတ်ကုန်းပုထိုး၊ ဇီးကျွန်းနှင့် ရွှေကျင်ကျေးရွာများက တောင်သူများမှာ ပဲတီစိမ်းကိုတော်သလင်းလ (စက်တင်ဘာလခန့်)အတွင်း စိုက်ပျိုးကြရာ အပင်များဖြစ်ထွန်းပြီး အပွင့်၊ အသီးလိုက်ချိန် သီတင်းကျွတ်လတစ်လလုံး မိုးခေါင်ခဲ့သဖြင့် အထွက်နှုန်းနည်းခဲ့ခြင်းဖြစ်သည်။

တပ်ကုန်းကျေးရွာမှ တောင်သူဦးဇော်ဇော်သောင်းက “အရင်ကဆိုရင် ပဲတီစိမ်းက သုံးခါ၊ လေးခါလောက် ပြန်ကောက် ရတယ်။ ဒီနှစ်ကတော့ မိုးခေါင်တော့ တစ်သုတ်ကောင်းကောင်းပဲ ကောက်ရတယ်။ နောက်မိုးရွာလည်း အသီးက မလိုက် တော့ဘူး။ အထွက်နှုန်းကနည်းပေမယ့် ဈေးကောင်းရလို့ အဆင်ပြေသေးတယ်။ အရင်နှစ်ကဆိုရင် တင်းသုံးဆယ် ကျော်လောက်ရတယ်”ဟုပြောသည်။ မကွေးမြို့ကုန်စည်ဒိုင်ပေါက်ဈေးများအရ နိုဝင်ဘာလ ဒုတိယပတ်အတွင်းက ပဲတီစိမ်း ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၃၇၀၀၀ခန့် ပေါက်ဈေးရှိသည်။ အင်းနက်ကျေးရွာမှ တောင်သူဦးဝင်းဗိုလ်က “မိုးက ခပ်စိပ်စိပ်လေးရွာရင်ကို မိုးနှောင်းသီးနှံက အဆင်ပြေတယ်။ အခုကသီတင်းကျွတ်လက မိုးမရွာတော့ တောင်သူတွေ နောက်သီးနောက်ပင် သိပ်မကောင်းကြဘူး။ တန်ဆောင်မုန်းလဆန်းကျမှ မိုးရွာတော့ ပဲနောက်ကတော့ အရနည်းတယ်။ နှမ်းစာပြောင်းတို့၊ ပဲလွမ်းတို့ကတော့ နောက်မိုးလေးရွာလို့ ပြန်ကောင်းလာပြီး အဆင်ပြေတယ်”ဟု ပြောသည်။

မကွေးမြို့နယ်အတွင်း၌ ဆောင်းမြေပဲ စိုက်ဧက ၆၅၀ ခန့်တွင် ဂျီအေပီဖြင့် ဆောင်းမြေပဲ ဧက ၂၀၀ နှင့် ဆောင်းပဲတီစိမ်း စိုက်ဧက ၄၀၀ ခန့်တွင် ဂျီအေပီဖြင့် ပဲတီစိမ်းဧက ၅၀ စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးခိုင်မင်း ထံမှသိရသည်။ “ဒီနှစ်ကမိုးရွာတာနည်းတော့ ပဲတီစိမ်းကတော့ တောင်သူတွေအရနည်းကြတယ်။ ဈေးကကျပ်သုံးသောင်း ခွဲကျော်ရတော့ အဆင်ပြေပါတယ်။ မိုးခေါင်လို့ မိုးမရွာတဲ့ အခါမှာ ပဲတီစိမ်းအသီးလိုက်ဖို့ ဆေးဖျန်းပုံးနဲ့ တစ်ဧကကို ရေငါးပုံး ကနေ ခြောက်ပုံးလောက် ရေဖျန်းပေးရင် အသီးလည်းလိုက်တယ်။ ရွက်လိပ်ပိုးနဲ့ အရွက်စားပိုးလည်းကင်းတယ်။ ဘာဆေးမှ မထည့်ဘဲ ရေလောင်းပေးရင် ပိုးမွှားကင်းပြီးအပင်အသီးလိုက်တယ်ဆိုတာ တောင်သူတွေကို မျှဝေပေးချင်တယ်“ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးခိုင်မင်းက ပြောသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8327659

## မြန်မာနှင့်တရုတ်ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး စီးပွားရေးစင်တာများ အပြန်အလှန်ဖွင့်လှစ်ရန်ဆွေးနွေး



မြန်မာ--တရုတ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် နှစ်နိုင်ငံအတွင်း စီးပွားရေးစင်တာများ အပြန်အလှန်ဖွင့်လှစ်နိုင်ရေး ဆွေးနွေးခဲ့ကြောင်းသိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တရုတ်နိုင်ငံ Shanxi ပြည်နယ် ပြည်သူ့အစိုးရ ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yixin တို့ နေပြည်တော်၌ နိုဝင်ဘာ ၂၅ ရက်က တွေ့ဆုံ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ယင်းသို့တွေ့ဆုံစဉ် မြန်မာနှင့် တရုတ်နိုင်ငံတို့တွင် စီးပွားရေးစင်တာများ အပြန်အလှန် တည်ထောင် ဖွင့်လှစ်၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ အားပေးဆောင်ရွက် နိုင်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ကူညီဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံအကြားကုန်စည်ပြပွဲများ အပြန် အလှန် ဖိတ်ကြားခြင်းဖြင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အလားတူ နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်း များအချင်းချင်း ပိုမိုထိတွေ့ဆက်ဆံနိုင်ရေး၊ အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုကဏ္ဍများစွာ၌ တရုတ်နိုင်ငံမှ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေး၊ ကျောက်မီးသွေး၊ ရေအားလျှပ်စစ်စသော စွမ်းအင်ကဏ္ဍနှင့် ဆောက်လုပ်ရေး၊ ဓာတုဗေဒဆေးဝါးထုတ်လုပ်မှုတို့တွင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ထုတ်ကုန်ကဏ္ဍ၏ အားနည်းချက်များနှင့် ထောက်ပံ့ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ လိုအပ်ချက်များအား နှစ်နိုင်ငံ ပူးပေါင်းဖြေရှင်းနိုင်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်နေသော နိုင်ငံများအနက် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးကိုလည်း အထူး အလေးထားပြုလုပ်နေရာ ပြီးခဲ့သည့် ၂၀၁၇--၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနှင့်နိုင်ငံတကာ ကုန်သွယ်မှုပမာဏဟာ ဒေါ်လာ ၃၃

ဘီလီယံကျော်အနက် တရုတ်နှင့်ကုန်သွယ်မှုပမာဏ ၁၂ ဘီလီယံခန့်ရှိခဲ့ကာ ကုန်သွယ်မှုစုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းကျော် ရှိခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131571.html

## နိုဝင်ဘာလကုန်ပိုင်း၌ မုံရွာကုန်စည်ဒိုင်ဈေးကွက်သို့ဆောင်းနှမ်းဝင်ရောက်မှုအရှိန်ရလာ



နိုဝင်ဘာလလယ်ခန့်မှစ၍ မုံရွာကုန်စည်ဒိုင်ဈေးကွက်သို့ ဆောင်းနှမ်းများစတင်ဝင်လာပြီဖြစ်ရာ လကုန်ပိုင်းတွင် အရှိန်ရလာပြီဖြစ်ကြောင်း မြန်မာသိန်းပွဲရုံပိုင် ဦးသိန်းဦးထံမှ သိရသည်။ "အခုချိန်ပေါ်တာဆောင်း နှမ်းပါ။ မုံရွာကုန်စည်ဒိုင်ကို မုံရွာ၊ ချောင်းဦး၊ မြောင်၊ ဘုတလင်၊ ဒီပဲယင်းနဲ့ အရာတော် မြို့နယ်တွေက နှမ်းဝင်နေတယ်။ စပေါ်ပြီး ဈေးကွက်ထဲကို နိုဝင်ဘာ ၁၀ ရက်နဲ့ ၁၅ ရက်ကြားမှာ ဝင်လာတာပါ။ လက်ရှိက နှမ်းဝင်လာတာအရှိန်နည်း နည်းရလာပြီ။ အများကြီးတော့ မဝင်သေးဘူး။ နောက်ပိုင်းအဝင်တိုးလာမယ်"ဟု ဦးသိန်းဦးက ပြောသည်။

နှမ်းနက်နှင့် နှမ်းဖြူတို့ကို ၂၀၁၁ ခုနှစ်မတိုင်မီကစ၍ တင်ပို့ကုန်အဖြစ် သတ်မှတ်ခဲ့ပြီး ပြည်တွင်းသုံးနှမ်းဆီ အဖြစ် သုံးသော နှမ်းရောကိုပါ ၂၀၁၁ ခုနှစ်တွင် ပြည်ပပို့ကုန်အဖြစ်သတ်မှတ်ခဲ့ကြောင်းသိရသည်။ "နှမ်းဖြူနဲ့နှမ်းနက်က သူ့ဈေးကွက် အတန်းအစားနဲ့သူ တရုတ်ကိုသွားနေတယ်။ လက်ရှိကတော့ ကုန်စည်ဒိုင် ဝင်တဲ့ နှမ်းအိတ်အကုန်လုံးကအရည် အသွေးအလိုက် ဈေးနှုန်းပြတ်တယ်။ဈေးမပြတ်တာတော့မရှိဘူး"ဟု ၎င်းကပြောသည်။

နှမ်းသည် အခြားသီးနှံများထက် စိုက်ရလွယ်ပြီး ဆုံးရှုံးမှုနည်းသော သီးနှံဖြစ်သည်။ ငှက်နှင့် ကြွက်စသည်များ၏ ဖျက်ဆီးခံရမှုနည်းပါးသည့်အပြင် သီးနှံအမျိုးမျိုးဖြင့် တွဲဖက်စိုက်ပျိုးနိုင်သည့် အပူဒဏ်၊ မိုးခေါင်ဒဏ်ရောဂါနှင့် ပိုးများကို ခံနိုင်ရည်ရှိသော သီးနှံ ဖြစ်ကြောင်း ဘုတလင်နယ် နှမ်းစိုက်တောင်သူ ဦးဗိုလ်မှတ်ထံမှသိရသည်။ "အခုလတ်တလော နှမ်းဖြူ က အနိမ့်ဆုံး ၄၃၀၀၀က ၅၀၀၀၀ လောက် အထိဈေးရှိပြီး နှမ်းနက်ကတော့ ၆၅၀၀၀ ကနေ ၇၅၀၀၀ ထိဈေးရှိတယ်။ ၁၈ ပိဿာ တစ်တင်းဈေးပါ"ဟု ဦးဗိုလ်မှတ်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/131595.html

## ယခုဘဏ္ဍာနှစ်သစ် ထုတ်လုပ်မှုဝင်ငွေလျော့ကျမည်



ယခု ၂၀၁၉-၂၀ ဘဏ္ဍာနှစ်အတွက် မြန်မာ့ကျွန်းသစ်နှင့် သစ်မာ ရောင်းချမှုမှ ရရှိမည့်ဝင်ငွေသည် ယခင်နှစ်ထက်လျော့နည်းမည်ဟု မြန်မာ့သစ်လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်ကြည် က မြန်မာတိုင်း(မ်)ကို ပြောသည်။ သစ်ထုတ်လုပ်မှုမှ အမေရိကန် ဒေါ်လာ ၇၉ သန်းကျော်နှင့် ပြည်တွင်းကျပ်ငွေ ၇၅ ဘီလျံကျော် မှန်းထားခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ် သစ်ထုတ်လုပ်မှုမှ ပြည်ပရောင်းချသည့်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၂၅ သန်း ရရှိခဲ့ပြီး ပြည်တွင်းဝင်ငွေ ကျပ် ၁၃၃ ဒသမ ၅ ဘီလျံ ရရှိခဲ့သည်။

ယခုနှစ်တွင် လျော့နည်းသွားမည့် အကြောင်းရင်းမှာ သစ်ထုတ်လုပ်မှုလျှော့ချခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ဦးခင်မောင်ကြည်ကပြောသည်။' 'ဒီနှစ်က သစ်ထုတ်တာလည်း အများကြီး လျှော့ချထားတယ်''ဟု ၎င်းကပြောသည်။ နိုင်ငံတော်ဘတ်ဂျက်အတွက် သယံဇာတများကိုရောင်းချ၍ ဝင်ငွေရှာဖွေပေးရသည့် အထဲတွင် မြန်မာ့သစ်လုပ်ငန်း သည်လည်း တစ်ခုပါအဝင်ဖြစ်သည်။ ယခုဘဏ္ဍာနှစ်အတွက် မြန်မာ့သစ်လုပ်ငန်းက

နိုင်ငံတော်ဝင်ငွေရှာဖွေပေးရန် ကျွန်းသစ်တန်ချိန် ၁၀၀၀၀ နှင့် သစ်မာ ၂၈၅၀၀၀ ထုတ်ယူမည်ဖြစ်သည်။ ကျွန်းတန်ချိန် ၁၀၀၀၀ ထုတ်လုပ်မည့်အနက် သဘာဝသစ်တောမှ တန်ချိန် ၅၀၀၀ နှင့် နှစ် ၃၀ အထက် ကျွန်းစိုက်ခင်းမှ တန်ချိန် ၅၀၀၀ ထုတ်ယူမည်ဟု မြန်မာ့သစ်လုပ်ငန်းမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/131613.html

## အာဆီယံနိုင်ငံအချို့တွင် ရော်ဘာပင်များ မှိုရောဂါကျရောက်နေ၍ ရော်ဘာပျိုးပင်နှင့်အစိတ်အပိုင်းများ တင်သွင်းခွင့်ပိတ်



အိမ်နီးချင်းနိုင်ငံများတွင် ရော်ဘာပင်များ မှိုရောဂါကျရောက်နေသဖြင့် ရော်ဘာပျိုးပင်နှင့် အစိတ်အပိုင်းများ တင်သွင်း ခွင့်မပြုကြောင်း စိုက်ပျိုးရေးဦးစီးဌာနကကြေညာသည်။ အဆိုပါ မှိုရောဂါများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေး နိုင်ငံတကာလေဆိပ်နှင့် နယ်စပ်ဝင်ပေါက်များမှ ရော်ဘာပျိုးပင် အပါအဝင် အစိတ်အပိုင်းများ ဝင်ရောက်မှုအပေါ် စိစစ်ကြပ်မတ်ရန်နှင့် ရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်မည်ဟု နိုဝင်ဘာ ၂၅ ရက်က ကြေညာခဲ့သည်။ "အခုဖြစ်တဲ့မှိုရောဂါက ရော်ဘာအထွက်နှုန်းကို ထိခိုက်စေတယ်။ အဲဒါကြောင့် မျိုးတွေသွင်းရင် အဲဒါတွေပါလာမှာစိုးလို့ ပိတ်လိုက်တာပါ" ဟု ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်ကပြောသည်။

ပြည်တွင်းရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများက ရော်ဘာပျိုးပင်များနှင့် ဆက်စပ်သောအစိတ်အပိုင်းများကို ထိုင်းနှင့် မလေးရှားနိုင်ငံမှဝယ်ယူလေ့ရှိကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းကဆိုသည်။ "ရော်ဘာတွေမှာ ဖြစ်တတ်တဲ့ မှိုရောဂါကအရွက်တွေမှာ အကွက်တွေဖြစ်လာတယ်။ သူ့ကူးစက်မှုက လေနဲ့အတူပါလာတာမျိုး။ လတ်တလော ထိုင်း၊ အင်ဒိုနဲ့ မလေးဘက်မှာ ဖြစ်နေတယ်" ဟု ၎င်းကပြောသည်။ အိမ်နီးချင်းနိုင်ငံများတွင်ဖြစ် ပေါ်နေသော ရော်ဘာပင် မှိုရောဂါကို မြန်မာနိုင်ငံအနေဖြင့် ထိန်းချုပ်နိုင်ပါက ရော်ဘာဈေးကွက်တွင် အမြင့်ဈေးဖြင့်ရောင်းချနိုင်မည်ဟု ပုလောမြို့နယ် ရော်ဘာခြံပိုင်ရှင်ဦးတင်စိုးကဆိုသည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် ရော်ဘာကုန်ကြမ်းဈေးနှုန်းမှာ တစ်ပေါင်လျှင် ကျပ် ၇၇၀ ခန့်ရှိသည်။ ယခုနှစ် မြန်မာနိုင်ငံ၏ ရော်ဘာကုန်ကြမ်းထုတ်လုပ်နိုင်မှု တန်ချိန်သုံးသိန်းရှိမည်ဟု ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းက ခန့်မှန်းထားသည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ အချက်အလက်များအရ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ဧက ၁ ဒသမ ၆ သန်းကျော်ရှိပြီးအစေးလှီးနိုင်သည့် ဧကရှစ်သိန်းကျော်ရှိသည်။

**Source:** https://7daydaily.com/172162

## SME လုပ်ငန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရန် IBK နှင့် နားလည်မှုစာချွန်လွှာရေးထိုး

အသေးစား၊ အလတ် စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် ကိုရီးယားအစိုးရပိုင် The Industrial Bank of Korea (IBK) တို့ SME လုပ်ငန်းများပြုစုပျိုးထောင်ရေး ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရန် နားလည်မှု စာချွန်လွှာရေးထိုးခဲ့သည်။ ကိုရီးယားဘဏ်က အရှေ့တောင်အာရှ ဈေးကွက်ချဲ့ထွင်ခြင်းအတွက် မူဝါဒဆိုင်ရာ ခြေလှမ်းဟုဆိုပြီး အဆိုပါဘဏ် အမှုဆောင်အရာရှိချုပ်နှင့် မြန်မာ့စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ နိုဝင်ဘာ ၂၅ ရက်က လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံက ဗီယက်နမ်ကဲ့သို့ အင်ဒိုချိုင်းနားကျွန်းဆွယ်တွင် စီးပွားရေးတိုးတက်ရန် အလားအလာ အကောင်းဆုံး နိုင်ငံတစ်ခုဖြစ်သည်ဟု ဘဏ်၏ထုတ်ပြန်ချက်တွင်ပါဝင်သည်။ နှစ်နိုင်ငံမှ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ တိုးတက်ခြင်းသည် ကိုရီးယားသမ္မတ၏ တောင်ပိုင်းမျှော်မူဝါဒ၏ အစိတ် အပိုင်းဖြစ်သည်ဟုလည်း ဆိုသည်။

IBK သည် ရန်ကုန်မြို့တွင် ဘဏ်ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံတွင် ဘဏ်ခွဲ (သို့မဟုတ်) လက်အောက်ခံ ဘဏ်ကုမ္ပဏီဖွင့်လှစ်ရန် စီစဉ်ထားသည်ဟုဆိုသည်။ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီကို မြန်မာ အစိုးရက ၂၀၁၇ တွင် နိုင်ငံတော် အဆင့် ဖွဲ့စည်းထားခြင်းဖြစ် သည်။ မြန်မာနိုင်ငံတွင် လုပ်ငန်း ဆောင်ရွက်ခြင်းသည် IBK ၏ အာရှဘဏ္ဍာရေးဆိုင်ရာ ပတ်လမ်းမူဝါဒကို ဖြည့်စွက်ခြင်းဖြစ်ပြီး ထိုမူဝါဒအရ တရုတ်၊ ဂျပန်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား စသည့်နိုင်ငံများနှင့် ချိတ်ဆက်ရန်ဖြစ်သည်ဟု ကိုရီးယားဘဏ်ကဆိုသည်။

**Source:** https://7daydaily.com/SME-172163

## မူဆယ်မြို့ နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်ဘက်မှ သွင်းကုန်များပြီး မြန်မာဘက်မှ ပို့ကုန်နည်းနေ

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြား နယ်စပ်ကုန်သွယ်မှုတွင် အဓိကလမ်းကြောင်းဖြစ်သည့် မူဆယ်မြို့နယ်စပ်ဒေသ ကုန်သွယ်ရေးတွင် ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံမှပို့ကုန်နည်းပါးနေပြီး တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ တင်သွင်းသည့် သွင်းကုန်များသာများနေကြောင်း မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းအောင်ခန့်၏ ပြောကြားချက်အရသိရသည်။ကွတ်ခိုင်မြို့အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၃ ရက်က ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သဖြင့် မူဆယ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှ ကုန်တင်ယာဉ် သွားလာမှု များ အချိန်နာရီပိုင်း ရပ်ဆိုင်းသွားခဲ့ပြီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌လည်း ကုန်တင်ယာဉ်ကြီးများ အဝင်/အထွက် ယာယီရပ်တန့်သွားခဲ့သည်။ လက်ရှိအချိန် သည် ဖရဲသီးနှင့် သခွားမွေး အစရှိသည့် ပြည်တွင်းမှထွက်သော သစ်သီးများကို တရုတ်ဘက်သို့ အဓိကတင်ပို့ရောင်းချသည့် ရာသီကာလဖြစ်ကြောင်းသိရသည်။ "လက်ရှိအနေအထားမှာဆိုရင် သွင်းကုန်တွေက ပိုများနေပါတယ်။ မြန်မာနိုင်ငံဘက်ကနေ တရုတ်နိုင်ငံ ဘက်ကို တင်ပို့တဲ့ အတက်ကုန်တွေကတော့ နည်းနေတာပေါ့။ အရင်က မြန်မာနိုင်ငံဘက်ကနေ အဓိကတင်ပို့တဲ့ လယ်ယာထွက်ကုန်တွေဖြစ်တဲ့ ဆန်၊ ပြောင်း၊ သကြားတွေဆို ခုချိန်တင်ပို့ရတာ တော်တော်ခက်ခဲသွားပြီ။ ဆန်တွေတော့ တင်ပို့တယ်။ ဒါပေမယ့် ဆန်တင်ပို့တဲ့ ကုန်တင်ယာဉ်အစီးရေလည်းနည်းတယ်၊ တစ်ရက်ကို ပျမ်းမျှ ကုန်တင်ယာဉ်အစီးရေ ၃၀ နဲ့ ၅၀ ကြားလောက်ပဲ ဆန်တွေတင်ပို့ နေပါတယ်ဟု မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်း အထွေထွေအတွင်းရေးမှူးက လက်ရှိ တင်ပို့ကုန် နည်းပါး နေသည့် အခြေအနေကို ရှင်းပြသည်။ ယခုနှစ်အတွင်း နိုဝင်ဘာ ၁၃ ရက် မတိုင်မီက တရုတ်နိုင်ငံသို့ တစ်ရက် လျှင် ဆန်ကုန်တင်ယာဉ် အစီးရေ ရာချီ၍ တင်ပို့မှုရှိပြီး အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ လက်ရှိတွင် ပြောင်းတင်ပို့မှုရှိနေသော်လည်း တင်ပို့မှု အလွန်နည်းနေပြီး တစ်ရက်လျှင် ကုန်တင်ယာဉ်အစီးရေ ငါးစီးခန့်သာ တင်ပို့နိုင်ခြင်းကြောင့် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် အလွန်နည်းပါးနေပြီဖြစ်ကာ ယခင်နှစ်က တစ်ရက်လျှင်ကုန်တင်ယာဉ် အစီးရေ ၁၀၀ ခန့်တင်ပို့နိုင်ခဲ့သည်။ မူဆယ်မြို့နယ်စပ်ဒေသမှ သကြားတင်ပို့မှုမှာလည်း လုံးဝရပ်တန့်နေပြီဖြစ်သည်။ မြန်မာနိုင်ငံဘက်မှ တင်ပို့ကုန်နည်းပါးနေသော်လည်း တရုတ်နိုင်ငံဘက်မှသွင်းကုန်များမှာ များပြားနေဆဲဖြစ်ပြီး ပိုမိုတိုးလာ နေကြောင်းသိရသည်။ တရုတ်နိုင်ငံဘက်မှ အထည်စက်ရုံအတွက် တင်သွင်းသည့် အထည်ပိတ်စများ၊ ယာဉ်ယန္တရားများ၊ စက်အပိုပစ္စည်းများ၊ အဝတ်အထည်များ၊ လျှပ်စစ်ပစ္စည်းများ၊ ဓာတ်မြေသြဇာနှင့် အခြား ကုန်ပစ္စည်းမျိုးစုံကို တင်ပို့နေကြောင်း နယ်စပ်ကုန်သွယ် ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

မြန်မာနိုင်ငံဘက်မှ ဖရဲသီးများကိုတင်ပို့ရာတွင် ပစ္စည်းအရည်အသွေးအပေါ်မူတည်ပြီး ဈေးနှိမ်ဝယ်ယူခြင်းကြောင့် မူဆယ်မြို့နယ်စပ်ဒေသတွင် တောင်သူများအနေဖြင့် ကုန်သွယ်မှုအခက်အခဲများရှိနေကြောင်းလည်းသိရသည်။ "တရုတ်နယ်စပ်ကနေ ဆန်တွေ၊ ပြောင်းတွေ အလွယ်တကူပို့လို့မရတဲ့အတွက် မြန်မာနိုင်ငံဘက်က တောင်သူတွေလည်း အခက်အခဲရှိပါတယ်။ ဖရဲသီးတွေ ဆိုရင်လည်း အသီးတွေရဲ့ အရည်အသွေးကို ကြည့်ပြီးမှ ဝယ်နေတယ်။ မြန်မာနိုင်ငံဘက်က စိုက်ပျိုးထုတ်လုပ်တဲ့ လုပ်ငန်းရှင်များ အနေနဲ့ ပို့ကုန်တင်ပို့ရာမှာ အရည်အသွေးပိုင်းကို အထူးဂရုပြုပြီး တင်ပို့စေချင်ပါတယ်။ တရုတ်နိုင်ငံက အရင်နှစ်ထက် စီးပွားရေးတိုးတက်လာပြီဖြစ်လို့ အရည်အသွေး ပိုင်းကိုကြည့်ပြီးမှသာ ဝယ်ယူလာကြပြီ ဖြစ်ပါတယ်"ဟု အထွေထွေအတွင်းရေးမှူးက ဆက်လက်ပြောကြားသည်။ မူဆယ်-မန္တလေး ကုန်သွယ်ရေးလမ်းကြောင်းတွင် နိုဝင်ဘာ ၁၃ ရက်က ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုများကြောင့် ကုန်သွယ်ရေးကို ထိခိုက်မှုမရှိသော်လည်း နောက်ရက်များတွင်ပါ ပစ်ခတ်မှုများ မကြာခဏဆက်လက် ဖြစ်ပွားလာခြင်းကြောင့် ကုန်သွယ်ရေးလမ်းကြောင်းများ ယာယီရပ်တန့်ခဲ့ခြင်းဖြစ်ကာ

ကုန်စည်သယ်ယူပို့ဆောင်ရေးစရိတ်များလည်း မြင့်တက်နေသည်ဟု ကုန်သည်များထံမှသိရသည်။ သယ်ယူပို့ဆောင်ရေးစရိတ်မြင့်တက်ပြီး ကုန်သည်များက ကုန်ပစ္စည်းများကိုလျှော့၍ ဝယ်ယူလာခြင်းကြောင့် အခြေခံလူတန်းစားများပါ ထိခိုက်နစ်နာမှုများရှိနေကြောင်း သိရသည်။ "သယ်ယူပို့ဆောင်ခ မြင့်လို့ သယ်ယူပို့ဆောင်ရေး သမားတွေအတွက် တွက်ခြေကိုက်တယ်လို့လည်း မရှိပါဘူး၊ ဒီအချိန်မှာ ထိခိုက်နစ်နာတဲ့သူတွေကတော့ အခြေခံလူတန်းစား အလွှာပေါင်းစုံကို ထိခိုက်စေပါတယ်။ လမ်းဘေးမှာ စားသောက်ဆိုင်ရောင်းတဲ့သူတွေ၊ ခေါက်ဆွဲ၊ ကွမ်းယာ ရောင်းတဲ့သူတွေအပြင် ကုန်တင်ယာဉ်တွေ တက်လာတာနည်းပြီဆိုရင် အလုပ်ခံတဲ့သူတွေအထိတောင် အကုန် ထိခိုက်နစ်နာကြရပါတယ်"ဟု ကုန်သည်တစ်ဦး ဖြစ်သူ ဦးစိုင်းမြင့်ဖိုလ်က ပြောကြားသည်။

မူဆယ်မြို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တစ်ဆင့် မြန်မာနှင့် တရုတ်နိုင်ငံကြား ကုန်သွယ်မှုတွင် ယခင်နှစ်များက မြန်မာနိုင်ငံဘက်မှ ပို့ကုန် များပြားခဲ့သော်လည်း ယခုနှစ်တွင် မြန်မာဘက်မှ ပို့ကုန်နည်းပါးလာကာ တရုတ်ဘက်မှ သွင်းကုန်က ပိုများလာခြင်းဖြစ်သည်။ ပို့ကုန်နည်းပါးခြင်းကြောင့် မြန်မာနိုင်ငံ ဒေသအနှံ့ရှိ ကုန် သည်များနှင့် တောင်သူများလည်း အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2427949457445548?__tn__=K-R

## ကြံကားတွေ တန်ပိုသယ်ခွင့်မပြု သကြားစက်ရုံဖွင့်ထားပေမဲ့ ကြံမရောင်းချနိုင်

သကြားစက်ရုံ ဖွင့်ထားပေမဲ့ ကြံကားကိုတန်ပိုသယ်ဆောင်ခွင့်မရတာကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းမြောက်ဒေသဆိုရာ ကသာ၊ ထီးချိုင့်၊ မြောက်အိုးဒေသက ကြံတောင်သူတွေ ကြံတွေခုတ်မရောင်းချနိုင်သေးဘူးလို့ ကြံတောင်သူတွေကပြောပါတယ်။ သည့်နှစ်မှာ မြတောင်တန်ပို ဂိတ်စတင်ဖွင့်ခဲ့ပြီး ကြံကားတွေကို တန်ပိုသယ်ဆောင်ခွင့်မပေးတာကြောင့် လက်ရှိကြံခုတ်ရောင်းချဖို့ ခက်ခဲနေ တယ်လို့ ကြံတောင်သူဦးလီလီထွန်းကပြောပါတယ်။ သူက“ မြတောင်တန်ပိုဂိတ် ဖွင့်လိုက်တော့ ကြံကားတွေက တန်ပိုသယ်မရဖြစ်သွားတယ်၊ တန်ပိုမှသယ်မရရင်လဲ ကြံကသယ်ယူစရိတ် နှစ်ဆလောက်တက်သွားမှာ၊ လက်ရှိကြံဈေး သကြားဈေး အရ နှစ်ဆတက်မယ်ဆို ဘယ်လို မှကြံတောင်သူတွေအတွက် အဆင်မပြေနိုင်ဘူး၊ ခုက ကြံခုတ်ရာသီ စနေပြီ၊ စက်ရုံလဲဖွင့်ထားပေမဲ့ ကြံမပို့နိုင်တော့ မလည်ပတ်နိုင်ဘူး”လို့ပြောပါတယ်။ ယာဉ်နဲ့ ကုန် ၁၆ တန်သာ တန်ပိုဂိတ်က ခွင့်ပြုထားတာလို့သိရပါတယ်။ ယာဉ်အနေနဲ့ ရှစ်တန်ရှိနေပြီး ကြံ ၁၅ တန် တင်လေ့ ရှိတယ်လို့ ဦးလီလီထွန်းကပြောပါတယ်။

လက်ရှိတန်သတ်မှတ်ချက်အရ ကြံရှစ်တန်သာ တင်နိုင်မယ်ဆိုရင် ကြံတောင်သူတွေအဆင်မပြေနိုင်တာကြောင့် ဝန်ကြီးဌာနနဲ့သွားရောက်တွေ့ဆုံညှိနှိုင်းမယ်လို့ ကြံတောင်သူကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးချိုတူး က ပြောပါတယ်။ သူက“ဈေးကွက်ကမကောင်း၊ တန်ပိုဂိတ်ကလဲ ဒီအတိုင်းဆိုရင် ကြံတောင်သူက ဆန်ပြုတ်ပဲ သောက်ရဖို့ရှိတယ်၊ ကျွန်တော်တို့ ဒေသလွှတ်တော်ကိုယ်စားလှယ်ကနေတစ်ဆင့် ဝန်ကြီးနဲ့တွေ့ဆုံဖို့ စီစဉ်နေ ပါတယ်”လို့ ပြောပါတယ်။

ကသာ၊ထီးချိုင့်၊ မြောက်အိုးဒေသမှာ ကြံတောင်သူ ၅၀၀၀ ကျော်ရှိပြီး ကြံစိုက်ဧက ၉၀၀၀၀ နီးပါးရှိပါ တယ်။ သည့်နှစ်မှာ မိုးခေါင်တာ၊ သွင်းအားစုသွင်းဖို့ ကြိုတင်ငွေရတာ နောက်ကျတာတွေကြောင့် ကြံပင် ဖွံ့ဖြိုးမှုမကောင်းတဲ့အတွက် ကြံထွက်နှုန်း ၃၀ ရာခိုင်နှုန်းခန့်ကျဆင်းတယ်လို့ ကြံတောင်သူတွေက ပြောပါတယ်။ ကြံဈေးနှုန်းက တစ်တန်ကို ကျပ် ၃၉၅၀၀ နဲ့ စက်ရုံက တစ်တန်ထောက်ပံ့ငွေ ကျပ် ၁၀၀၀ ရတယ်လို့သိရပါ တယ်။

**Source:** https://www.kumudranews.com/news-36106?fbclid=IwAR3d4jbd577f11IH7oVrLd 6Mm GRZeKrst OAzkNq XwFDHWFlWf40iX0E-djo

## ရင်းနှီးမြှုပ်နှံသူများအတွက် မြေယာဘဏ်ကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးမည်

ရင်းနှီးမြှုပ်နှံသူများ မြေယာရယူဆောင်ရွက်ရာတွင် အဆင်ပြေစေရန် မြေယာဘဏ် (Land Bank) ကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းကပြောသည်။ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်လည်ပတ်ရာတွင်

မြေယာရရှိမှုသည် ကြီးမားသောအခက်အခဲတစ်ခုဖြစ်သည်။ ထို့အတွက် အစိုးရသည် ရင်းနှီးမြှုပ်နှံသူများ မြေယာအတွက် အဆင်ပြေစေရန် မြေယာဘဏ် (Land Bank) ကိုအကောင်အထည်ဖော်ရန် စီစဉ်ခြင်းဖြစ်သည်။ မြေယာဘဏ်တွင် မြေယာဆိုင်ရာ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် စုစည်းထားပြီး ရှင်းလင်းလွယ်ကူစွာ သတင်းအချက် အလက်များ ရရှိနိုင်မည်ဖြစ်သလို မြေယာရရှိရေးအတွက်လည်း လွယ်ကူစွာစီစဉ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ "စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်ရာမှာ လွယ်ကူစေဖို့ရည်ရွယ်ပြီး မြေယာဘဏ်ကို အကောင်အထည်ဖော်ဖို့ ဆောင်ရွက် နေတာဖြစ်ပါတယ်"ဟု ဦးသောင်းထွန်းကပြောသည်။ မြေယာဘဏ်ထူထောင်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်း အစီအစဉ်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။

နိုင်ငံအနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများစွာကို ပြုလုပ်လျက်ရှိပြီး ဆက်လက်၍လည်း ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဟု ဦးသောင်းထွန်းကဆိုသည်။ "ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ကြိုဆိုပါတယ်။ မြန်မာလို တက်သစ်စဈေးကွက်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဆိုတာ လိုအပ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေက အနာဂတ်အတွက် အထောက်အပံ့ကောင်းတွေဖြစ်မှာပါ"ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ဖြစ်သူ Thomas Neisinger က ပြောသည်။ ကမ္ဘာ့ဘဏ်ကထုတ်ပြန်သည့် Doing Business 2020 အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် ရလဒ်ကောင်းများရရှိခဲ့ပြီး ယခင်အဆင့် ၁၇၁ မှ ယခုအခါတွင် အဆင့် ၁၆၅ အဆင့်သို့ မြင့်တက်လာခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/131597.html

## ဆလုံတိုင်းရင်းသားများ အမိကဖမ်းဆီးနေသည့် ပင်ို(ကျောက်ပိုး)များ ရှားပါးစပြုလာ

မြိတ်ကျွန်းစုအတွင်းနေထိုင်သော မော်ကင်း (ခ) ဆလုံတိုင်းရင်းသားများ အများဆုံးကောက်ယူသည့် ပင်ို (ခ) ကျောက်ပိုးများမှာ ဖမ်းဆီးသူများလာ၍ ရှားပါးစပြုနေပြီဖြစ်ကြောင်းသိရသည်။ ပင်ို (ခ) ကျောက်ပိုး အကောင်များသည် ပင်လယ်ကမ်းစပ်ရှိ ကျောက်တုံးနှင့်ကျောက်ပုံများကြားတွင်နေထိုင်သော အကောင်တစ်မျိုးဖြစ်ပြီး ယခင က ဆလုံတိုင်းရင်းသားများသာ ဖမ်းဆီးမှုရှိရာမှ လက်ရှိတွင် အခြားသူများပါ ဖမ်းဆီးကောက်ယူလာခြင်းကြောင့် ရှားပါးလာခြင်းဖြစ်သည်ဟု ဒေသခံများထံမှသိရသည်။ ဘုတ်ပြင်းမြို့နယ် လင်နန်းကျေးရွာနေ ဒေါ်နွေးလှက " အရင်တုန်းက ပင်ိုပေါပါတယ်။ အခုနောက်ပိုင်း ဈေးကောင်းတော့ ဆလုံတွေရော ဗမာတွေပါ ဖမ်းတာများလာလို့ ရှားပါးသွားပြီဖြစ်တယ်"ဟုပြောဆိုသည်။

အဆိုပါ အကောင်များကို ပင်လယ်ရေကျချိန်တွင် ကျောက်တုံးနှင့်ကျောက်ပုံများကြား၌ သံချိတ်ချောင်းဖြင့် ရှာဖွေကောက်ယူရကြောင်း၊ ရရှိလာသည့်အကောင်များကို ပိုက်အိမ် အသေး၊ ရေဖြင့် အဆင့်ဆင့်ပြုတ်ယူကာ အခွံများကိုခွာယူပြီး နေလှန်းရကြောင်းသိရသည်။ "အခု ပင်ိုက နည်းနည်းရှားနေပါပြီ၊ ရွာမှာရောင်းရင် တစ်ပိဿာကို ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အထိရပါတယ်။ ရှာရတာ နည်းနည်းခက်လာပြီဖြစ်တယ်" ဟု လင်နန်းကျေးရွာနေ ဆလုံတိုင်းရင်းသား ဦးဗီညားက ပြောသည်။ ပင်ို (ခ) ကျောက်ပိုးသည် အချဉ်သိပ်ခြင်း၊ အစိမ်းချက်စားခြင်း၊ ဟင်းချို ချက်သောက်ခြင်း၊ ကြော်စားခြင်းစသည့် နည်းလမ်းများဖြင့် ပြုလုပ်စားသောက်ရကြောင်းသိရသည်။ မြိတ်မြို့ပေါ်တွင် ပင်ို (ခ) ကျောက်ပိုးမှာ တစ်ပိဿာလျှင် ကျပ် ၃၀,၀၀၀ မှ ၄၀,၀၀၀ အထိပေါက်ဈေးရှိကြောင်း ရေထွက်ပစ္စည်းဝယ်ယူသည့် အဝယ်ဒိုင်များထံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/131588.html

## နှံဝင်ဘာလကုန်ပိုင်း၌မုံရွာကုန်စည်ဒိုင်ဈေးကွက်သို့ ဆောင်းနှမ်းဝင်ရောက်မှုအရှိန်ရလာ

နှံဝင်ဘာလလယ်ခန့်မှစ၍ မုံရွာကုန်စည်ဒိုင်ဈေးကွက်သို့ ဆောင်းနှမ်းများစတင်ဝင်လာပြီဖြစ်ရာ လကုန်ပိုင်းတွင် အရှိန်ရလာပြီဖြစ်ကြောင်း မြန်မာသိန်းပွဲရုံပိုင် ဦးသိန်းဦးထံမှသိရသည်။ "အခုချိန်ပေါ်တာဆောင်း နှမ်းပါ။ မုံရွာကုန်စည်ဒိုင်ကို မုံရွာ၊ ချောင်းဦး၊ မြောင်၊ ဘုတလင်၊ ဒီပဲယင်းနဲ့ အရာတော်မြို့နယ်တွေက နှမ်းဝင်နေတယ်။ စပေါ်ပြီး ဈေးကွက်ထဲကို နိုဝင်ဘာ၁၀ ရက်နဲ့ ၁၅ ရက်ကြားမှာဝင်လာတာပါ။ လက်ရှိက နှမ်းဝင်လာတာအရှိန်နည်းနည်းရလာပြီ။ အများကြီးတော့ မဝင်သေးဘူး။ နောက်ပိုင်းအဝင်တိုးလာမယ်"ဟု ဦးသိန်းဦးကပြောသည်။

နှမ်းနက်နှင့် နှမ်းဖြူတို့ကို ၂၀၁၁ ခုနှစ်မတိုင်မီကစ၍ တင်ပို့ကုန်အဖြစ်သတ်မှတ်ခဲ့ပြီး ပြည်တွင်းသုံးနှမ်းဆီအဖြစ်သုံးသော

နှမ်းရောကိုပါ ၂၀၁၁ ခုနှစ်တွင် ပြည်ပပို့ကုန်အဖြစ်သတ်မှတ်ခဲ့ကြောင်းသိရသည်။ "နှမ်းဖြူနဲ့နှမ်းနက်က သူ့ဈေးကွက် အတန်းအစားနဲ့သူ တရုတ်ကိုသွားနေတယ်။ လက်ရှိကတော့ ကုန်စည်ဒိုင်ဝင်တဲ့ နှမ်းအိတ်အကုန်လုံးကအရည် အသွေးအလိုက် ဈေးနှုန်းပြတ်တယ်။ဈေးမပြတ်တာတော့မရှိဘူး"ဟု ၎င်းကပြောသည်။

နှမ်းသည် အခြားသီးနှံများထက် စိုက်ရလွယ်ပြီး ဆုံးရှုံးမှုနည်းသောသီးနှံဖြစ်သည်။ ငှက်နှင့်ကြွက်စသည်များ၏ ဖျက်ဆီးခံရမှုနည်းပါးသည့်အပြင် သီးနှံအမျိုးမျိုးဖြင့် တွဲဖက်စိုက်ပျိုးနိုင်သည့် အပူဒဏ်၊ မိုးခေါင်ဒဏ်ရောဂါနှင့်ပိုးများကို ခံနိုင်ရည်ရှိသော သီးနှံဖြစ်ကြောင်း ဘုတလင်နယ်နှမ်းစိုက်တောင်သူ ဦးဗိုလ်မှတ်ထံမှသိရသည်။ "အခုလတ်တလော နှမ်းဖြူက အနိမ့်ဆုံး ၄၃၀၀၀က ၅၀၀၀၀ လောက်အထိဈေးရှိပြီး နှမ်းနက်ကတော့ ၆၅၀၀၀ ကနေ ၇၅၀၀၀ ထိဈေးရှိတယ်။ ၁၈ ပိဿာ တစ်တင်းဈေးပါ"ဟု ဦးဗိုလ်မှတ်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/131595.html

## အလုပ်သမားခ ဈေးမြင့်တက်၍ ဆောင်းမြေပဲစိုက်တောင်သူများ တွက်ခြေမကိုက်ဖြစ်နေ

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်အတွင်း မြေပဲစိုက်တောင်သူများအနေဖြင့် ယခုနှစ်တွင် အလုပ်သမားခ ဈေးနှုန်း မြင့်တက်နေ၍ ဆောင်းမြေပဲစိုက်တောင်သူများ မြေပဲထွက်ရှိချိန်တွင် တွက်ခြေမကိုက်ဘဲဖြစ်နေကြောင်းသိရသည်။ "ကျွန်တော်တို့ဒေသမှာ အခုအချိန် ဆောင်း မြေပဲ ထွက်ရှိနေပါပြီ။ မြေပဲထွက်ချိန်မှာ မြေပဲ နုတ်ဖို့အတွက် နေ့စားခ တစ်ဦးကို ကျပ် ၆၀၀၀ ပေးရတယ်။ ဒါ့အပြင် မြေပဲဆွတ်ခူးဖို့ (နုတ်ထားသော မြေပဲပင်များမှ မြေပဲတောင့်များ ခူးဆွတ်ခြင်း) အတွက် တစ်တင်းကျပ် ၁၂၀၀ ပေးရပါတယ်။ မြေပဲနုတ်နေ့စားခတိုးမြင့်လာလို့ အခုနှစ် မြေပဲစိုက်ပျိုးရတာ တွက်ခြေမကိုက်ပါဘူး"ဟု မင်းဘူး(စကု) မြို့နယ် မောင်းမကန်ကျေးရွာနေ မြေပဲစိုက်တောင်သူ ကိုစန်းဦးကပြောသည်။

ယခုနှစ် မိုးနှောင်းကောင်းခဲ့သော်လည်း မြေပဲမှာ ထင်သလောက်မထွက်ခဲ့ကြောင်း၊ မြို့ပေါ်ပွဲရုံဈေးတွင် မြေပဲတောင့် တစ်တင်းလျှင် ကျပ် ၁၂၀၀၀ ဈေးရှိပြီး စိုက်ခ၊ ပျိုးခကုန်ကျမှုများကို နှိုင်းယှဉ်ပါက ဈေးကောင်းမရခြင်း၊ အလုပ်သမား နေ့တွက်စရိတ် ကြီးမားခြင်းကြောင့် တောင်သူများ အဆင်မပြေဖြစ်ကြကြောင်းသိရသည်။ "ကျွန်တော်တို့ဒေသမှာ ဆောင်း မြေပဲကို ကြားသီးနှံအဖြစ်စိုက်ကြတယ်။ အဓိကက စားသုံးဆီအတွက်စိုက်ကြပြီး ပိုလျှံမှသာထုတ်ရောင်းကြပါတယ်။ အခုနှစ်ပိုင်း မိုးရွာသွန်းမှုများခဲ့ပြီး အထွက်နှုန်းကောင်းမယ်ထင်ထားတာ ထင်သလောက်တော့ မထွက်ခဲ့ပါဘူး။ မြေပဲကို သုံးဧကလောက်စိုက်ခဲ့တာ တင်း ၅၀ ပဲ ရရှိပါတယ်"ဟု မင်းဘူး (စကု) မြို့နယ် ရေမျက် ကျေးရွာနေ မြေပဲစိုက်တောင်သူ ကိုအောင်နိုင်ကပြောသည်။

မင်းဘူး (စကု) မြို့နယ်အတွင်း ဆောင်းမြေပဲကို ယခုနှစ်တွင် ၈၁၂၅ ဧက စိုက်ပျိုးရန်လျာထားခဲ့သော်လည်း ၆၈၆၆ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း မင်းဘူး (စကု) မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်ဝင်းထံမှသိရသည်။ ဆောင်းသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းစသည့် ဆီထွက်သီးနှံစိုက်ပျိုးသည့်တောင်သူများကို စိုက်ပျိုးရေး ဌာနမှကွင်းဆင်း၍ စိုက်ပျိုးနည်းစနစ်များကို ပညာ ပေးဟောပြောမှုများပြုလုပ်ခဲ့ပြီး လိုအပ်သည့်အကူအညီများကို Call Center များဖွင့်လှစ်၍ ကူညီဆောင်ရွက်ပေးနေပါကြောင်း ၎င်းကရှင်းလင်းပြောသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung/posts/2505924346343442

## လယ်ယာထွက်စားသောက်ကုန်များ မြှင့်တင်ရေးအတွက် ယူရို သန်း(၂၀၀) အီးယူခွဲဝေ သတ်မှတ်

ဥရောပကော်မရှင်သည် ဥရောပသမဂ္ဂအတွင်းနှင့်အီးယူပြင်ပတို့၌ လယ်ယာထွက် စားသောက်ကုန်များအတွက် မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ၂၀၂၀ ခုနှစ် အတွက် ရန်ပုံငွေ တစ်ရပ်အနေဖြင့် ယူရို သန်း(၂၀၀) ကို ခွဲဝေသတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ လယ်ယာထွက် စားသောက်ကုန်မြှင့်တင်ရေးအတွက် အီးယူ၏ ရန်ပုံငွေ ခွဲဝေသတ်မှတ်သည့် မူဝါဒသည် တိုးတက်လာနေသော ကမ္ဘာ့ဈေးကွက် အခြေအနေမှ အကျိုးအမြတ်ရရှိရေး အထောက်အကူပေးရန်နှင့် အလားအလာရှိသော ဈေးကွက်ဆိုင်ရာ အဟန့်အတားများအတွက် ပြင်ဆင်ရာ၌

ထုတ်လုပ်သူများအား အကူအညီပေးနိုင်စေရန်ဖြစ်ကြောင်း ဥရောပကော်မရှင်၏အဆိုအရ သိရှိရပါသည်။ လယ်ယာထွက်စားသောက်ကုန်များနှင့်စပ်လျဉ်း၍ ကမ္ဘာပေါ်တွင် အီးယူ၏ ဂုဏ်သတင်း ကျော်စောမှုမှာ ပြိုင်ဘက်ကင်းသည့် အခြေအနေဖြစ်ကြောင်း၊ မိမိတို့၏ လယ်ယာထွက် စားသောက်ကုန်မြှင့်တင်ရေးမူဝါဒသည် အမြဲတိုးမြှင့်လျက်ရှိသည့် ဘတ်ဂျတ်နှင့်အတူ အီးယူ၏ထုတ်လုပ်သူများအား ၎င်းတို့၏ ထုတ်ကုန်များကို အီးယူပြည်တွင်းနှင့် အီးယူပြင်ပ နှစ်ရပ်စလုံး၌ ပိုမိုလူသိများစေရေး အကူအညီပေးလျက်ရှိကြောင်း၊ အီးယူအနေဖြင့် လက်မှတ်ရေးထိုးထားသည့် ကုန်သွယ်မှု သဘောတူညီချက်များသည်လည်း မြင့်မားစွာ တိုးတက်လာနေသည့် ဈေးကွက်များသို့ အီးယူပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေးအတွက် အခြေအနေများကို ဖန်တီးပေးကြောင်း၊ မကြာသေးမီက လက်မှတ်ရေးထိုးခဲ့သည့် အီးယူနှင့် တရုတ်နိုင်ငံတို့အကြား ဒေသဆိုင်ရာ အညွှန်းများနှင့် စပ်လျဉ်းသည့် နှစ်နိုင်ငံ သဘောတူညီချက်မှာ အီးယူ၏ အရည်အသွေးမြင့် စားသောက်ကုန်ထုတ်လုပ်သူများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ဥရောပကော်မရှင်၏ လုပ်ဆောင်နေမှုများ၏ ဥပမာပင်ဖြစ်ကြောင်း ဥရောပကော်မရှင်၏ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဌာန၏ ကော်မရှင်နာဖြစ်သူ Phil Hogan ကပြောကြားခဲ့ကြောင်း သိရပါသည်။ ၂၀၂၀ ခုနှစ်တွင် အီးယူ၏ အဆိုပါ ဘတ်ဂျတ် ခွဲဝေသတ်မှတ်ထားမှု၏ ထက်ဝက်ကျော်ဖြစ်သည့် ယူရို ၁၁၈ သန်းကို မြင့်မားသော ဈေးကွက်တိုးတက်မှု အလားအလာရှိသော အီးယူပြင်ပ ဈေးကွက်ပစ်မှတ်များဖြစ်သည့် ကနေဒါ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စု ဈေးကွက်များအတွက် မြှင့်တင်ရေးအစီအစဉ်များတွင် ခွဲဝေအသုံးပြုသွားမည်ဖြစ်ကြောင်း၊ အဓိကခွဲဝေအသုံးပြုမည့် လယ်ယာထွက် စားသောက်ကုန်ကဏ္ဍများမှာ နို့ထွက်ပစ္စည်းနှင့် ဒိန်ခဲ၊ သံလွင်ဆီနှင့် ဝိုင် ထုတ်ကုန်များ ဖြစ်ကြောင်း၊ အဆိုပါထုတ်ကုန်များ မြှင့်တင်ရေးအစီအစဉ်များ၏ ရည်ရွယ်ချက်မှာ အီးယူ၏ လယ်ယာထွက်စားသောက်ကုန်များ၏ စားသုံးမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာရေး၊ အဆိုပါထုတ်ကုန်များ၏ ပုံရိပ်မြင့်မားလာစေရေးနှင့် ပစ်မှတ်ထားသည့် ဈေးကွက်နိုင်ငံ များတွင် ဈေးကွက်ဝေစု တိုးတက်ရရှိရေးတို့ဖြစ်ကြောင်းသိရှိရပါသည်။ အီးယူ၏ လယ်ယာထွက်စားသောက်ကုန်မြှင့်တင်ရေး အစီအစဉ်များသည် ဥရောပ၏ မြင့်မားသော အစားအသောက် ဘေးကင်းလုံခြုံမှုနှင့် အရည်အသွေး စံချိန်စံညွှန်း အမျိုးမျိုးနှင့် ဥရောပ စားသောက်ကုန်များ၏ မတူကွဲပြားမှုနှင့် ရိုးရာဓလေ့ဆိုင်ရာ အခြင်းအရာများနှင့်ပတ်သက်၍ အီးယူနှင့် တစ်ကမ္ဘာလုံးရှိ စားသုံးသူများအား သတင်းအချက်အလက်များ ပံ့ပိုးမည် ဖြစ်ကြောင်း၊ အီးယူပြည်တွင်း၌မူ အဆိုပါမြှင့်တင်ရေးအစီအစဉ်များသည် ကျန်းမာရေးနှင့် ညီညွတ်သော အာဟာရနှင့် မျှတသောအစားအသောက်၊ လတ်ဆတ်သော ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံများ စားသုံးမှုတို့ကို မြှင့်တင်ခြင်းအပေါ် အဓိကအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အီးယူ၏ လယ်ယာထွက်စားသောက်ကုန်မြှင့်တင်ရေး အစီအစဉ်များအတွက် တာဝန်ယူမည့် ကုန်သွယ်မှုဆိုင်ရာ အဖွဲ့အစည်းများနှင့် လယ်ယာထွက်စားသောက်ကုန်ဆိုင်ရာ အစုအဖွဲ့များသည် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ပုံငွေရရှိရေးအတွက် အဆိုပြုချက်များကို တင်ပြခွင့်ရရှိကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## ၂၀၂၀ ခုနှစ်တွင် ပို့ကုန်တင်ပို့မှု ထိပ်တန်း(၁၀)နိုင်ငံတွင် ဘယ်လ်ဂျီယံနိုင်ငံ ပါဝင်လာနိုင်

ပို့ကုန်တင်ပို့မှုမှ ရရှိသည့်ဝင်ငွေစုစုပေါင်း ယူရို (၁၈)ဘီလီယံရှိခဲ့မှုနှင့်အတူ ဘယ်လ်ဂျီယံနိုင်ငံသည် လာမည့် ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့ပို့ကုန်တင်ပို့မှု ထိပ်တန်း(၁၀)နိုင်ငံ တွင်ပါဝင်လာမည်ဟု မျှော်လင့်ထားကြောင်း ၊ ပို့ကုန်ချေးငွေ အာမခံလုပ်ငန်းတစ်ခုဖြစ်သည့် Euler Hermes မှ ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာအစီရင်ခံစာအား ကိုးကားလျက် ဘရပ်ဆဲလ်တိုင်းမ်သတင်းဌာနမှ ၂၂.၁၁.၂၀၁၉ နေ့တွင် ထုတ်ပြန်ချက်အရသိရှိရပါသည်။ ၂၀၁၉ ခုနှစ်တွင် ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ နိုင်ငံတကာကုန်သွယ်မှုသည် တိုးတက်မှုနိမ့်ကျသည့် အခြေအနေသို့ရောက်ရှိခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ၃.၈ ရာခိုင်နှုန်းရှိခဲ့သည့် တိုးတက်မှုနှုန်းသည် ၂၀၁၉ ခုနှစ်တွင် ၁.၅ ရာခိုင်နှုန်းသာရှိသည်ဟု ယင်းကုမ္ပဏီက ဖော်ပြထားကြောင်း၊ ထိုသို့ နိုင်ငံတကာကုန်သွယ်မှုကျဆင်းရခြင်းမှာ အမေရိကန်နှင့်တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေး တင်းမာမှုများကြောင့်ဖြစ်ပြီး၊ အထူးသဖြင့် မော်တော်ယာဉ်များနှင့် လျှပ်စစ်ပစ္စည်းများ ကဏ္ဍတို့ကြောင့်ဖြစ်ကြောင်း၊ ထို့အပြင်

လာမည့်နှစ်တွင်လည်း ကမ္ဘာ့ကုန်သွယ်မှုသည် ၁.၇ ရာခိုင်နှုန်းဖြင့် သိသာသည့် တိုးတက်မှုရှိမည်မဟုတ်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။ နိုင်ငံတကာ ကုန်သွယ်မှုကျဆင်းမှုသည် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုအပေါ် များစွာမှီခိုနေရသည့် စီးပွားရေးများအပေါ် မလွဲမသွေရိုက်ခတ်မှုရှိခဲ့ကြောင်း၊ အထူးသဖြင့် ၂၀၁၉ ခုနှစ်တွင် ဂျာမနီနိုင်ငံ၏ စီးပွားရေးအပေါ် သိသာသော သက်ရောက်မှုရှိခဲ့ကြောင်း ၊ ဘယ်လ်ဂျီယံ နိုင်ငံ **၏ ပို့ကုန်တင်ပို့မှုပမာဏ တိုးတက်မှုသည်လည်း ဂျာမနီနိုင်ငံနှင့် ဥရောပ၏ အခြေအနေ တို့ကြောင့် ယခုနှစ်တွင် ၁.၃ ရာခိုင်နှုန်းဖြင့် အားနည်းမည်ဟု ခန့်မှန်းထားကြောင်း၊ သို့ရာတွင်** ဘယ်လ်ဂျီယံနိုင်ငံသည် အီတလီ၊ ဗြိတိန်၊ တရုတ်၊ တူရကီ၊ ရုရှားနှင့် ပိုလန် နိုင်ငံများသို့ ပို့ကုန်တင်ပို့မှု ကျဆင်းခြင်းကို ကာမိစေခဲ့ပြီး ကုန်သွယ်ရေး အငြင်းပွားမှု များမှ အနည်းငယ်အကျိုးအမြတ်ရရှိခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသို့ တင်ပို့မှုသည် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် ကာလတူအတွင်း ၂၃ ရာခိုင်နှုန်းဖြင့် သိသိသာသာတိုးတက်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် စုစုပေါင်း ယူရို ၂ ဘီလီယံ တိုးတက် မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။ ဖြစ်နိုင်ဖွယ်ရှိသော ခက်ခဲသည့် ဗြိတိန်ခွဲထွက်မှု (Hard Brexit) အတွက် ကြိုတင်ပြင်ဆင်မှုများသည်လည်း ဘယ်လ်ဂျီယံနိုင်ငံ၏ ကုမ္ပဏီများအပေါ် အကူအညီရရှိခဲ့ပြီး၊ နွေရာသီကာလအတွင်း ပို့ကုန်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ပို့ကုန်ဝင်ငွေရရှိမှု စုစုပေါင်း ယူရို (၁၈) ဘီလီယံနှင့်အတူ ဘယ်လ်ဂျီယံနိုင်ငံသည် ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့ပို့ကုန်တင်ပို့မှုထိပ်တန်း(၁၀)နိုင်ငံတွင် ပါဝင်လာနိုင်ကြောင်း၊ ပို့ကုန်ချေးငွေ အာမခံလုပ်ငန်းတစ်ခုဖြစ်သည့် Euler Hermes အရသိရှိရကြောင်း အဆိုပါ သတင်းက ဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## STOCK EXCHANGE (28.11.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 28th Nov. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 12,000 | 12,000 | 11,500 | 1,136 | 13,573,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,900 | -100 | -2.50% | 3,950 | 3,950 | 3,900 | 4,224 | 16,561,950 | 38,929,150 | 151,824 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,100 | 149 | 1,236,500 | 10,400,986 | 86,328 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 0 | 0 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | -100 | -3.33% | 2,950 | 2,950 | 2,900 | 172 | 504,800 | 12,823,224 | 37,187 |

## Market summary

As of 28th Nov. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 469.40 | -3.78 | -0.80% | 481.19 | 481.19 | 468.35 | 5,681 | 31,876,250 | 5 | 642,757 |

### Index chart




# Market Overview

As of 1:00 pm, 28th Nov. 2019

| MYANPIX | 469.40 ▼ 3.78 |
|---|---|
| Total Volume (shares) | 5,681 |
| Total Value (MMK) | 32 mil |
| Listed Company | 5 |
| Market Cap. (MMK) | 642,757 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,900 | ▼ 100 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,900 | ▼ 100 |